*Embassy of the United States of America*
*Rangoon, Burma*
110, University Avenue
Kamayut Township
Tel: (95-1) 536509
Email: IVRangoon@state.gov

အင်တာဗျူးဝင်ရန်ရက်ချိန်း သတ်မှတ်ထားသည့်ညွှန်ကြားချက် အကြောင်းကြားစာကိုလက်ခံရရှိပြီးသည့်နောက် အင်တာဗျူးဝင်ရန်အတွက်ပြင်ဆင်ရန်အရေးကြီးပါသည်။ အင်တာဗျူးတွင် သင်နှင့် သင့်အားအမေရိကားမှခေါ်ဆိုသူတို့ မိသားစုတော်စပ်ကြောင်း အထောက်အထားများ တောင်းပါလိမ့်မည်။ (ဥပမာအားဖြင့်အိမ်ထောင်စုလူဦးရေစာရင်း၊အီးမေးဖြင့် အဆက်အသွယ်လုပ်ထားသည့်စာများ၊ သင်နှင့်သင့်အားခေါ်ဆိုသူတို့အတူရိုက်ထားသည့် ဓာတ်ပုံများနှင့်ကျောင်းမှတ်တမ်းများ)

သင်ဗီဇာလျှောက်ရန်အတွက်အောက်ဖော်ပြပါစာရွက်စာတမ်းများလိုအပ်ပါသည်။အကယ်၍သင်သည်ထိုစာရွက်စာတန်းများကိုအမျိုးသားဗီဇာဌာနသို့မတင်ပြရသေးပါကမူရင်းစာရွက်စာတမ်းများနှင့်ဘာသာပြန်မူရင်းများကို အင်တာဗျူးနေ့တွင်ယူဆောင်လာရမည်။ အင်တာဗျူးရက်တွင် ထိုစာရွက်စာတမ်းများ ပေးရန်ပျက်ကွက်ပါက သင်၏ဗီဇာအတွက်နှောင့်နှေးပါလိမ့်မည်။

လိုအပ်သောစာရွက်စာတမ်းများ

၁.Form DS-5537
၂. နိုင်ငံကူးလက်မှတ် မူရင်းနှင့်မိတ္တူ ၁ စုံ၊ သက်တန်းအနည်းဆုံး ၆ လ ရှိရမည်။
၃. ဓာတ်ပုံများ ၂ X ၂ လက်မပတ်လည် ၂ ပုံ၊ဓာတ်ပုံမှာနောက်ခံအရောင်အဖြူရှိသောရောင်စုံဓာတ်ပုံဖြစ်ရမည်။ဓာတ်ပုံအတွက်လိုအပ်သောအချက်များသိရှိရန် ဤနေရာ ကိုနှိပ်၍ကြည့်ရှုနိုင်ပါသည်။
၄. မွေးလက်မှတ် မွေးလက်မှတ်မူရင်းနှင့် နိုထရီဘာသာပြန်မူရင်းအပြင် ၎င်းတို့၏မိတ္တူ ၁ စုံစီ၊
(အကယ်၍ မွေးလက်မှတ်မရှိခဲ့ပါလျှင် မိမိမွေးဖွားရာမြို့ကျန်းမာရေးဌာနမှ မွေးဖွားမှတ်တမ်း တောင်းယူပါ။ အကယ်၍ကျန်းမာရေးဌာန၌ မွေးဖွားမှတ်တမ်းမရှိခဲ့ပါလျှင်အဆိုပါရုံး၌သင်၏ မွေးဖွားမှတ်တမ်းမရှိကြောင်းစာက ို တောင်းယူ၍သင်၏နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်တွဲတင်ပါ။ စာရွက်စာတမ်းတိုင်းကို နိုထရီဘာသာပြန်ရန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီပြုလုပ်ရန်လိုအပ် ပါသည်။)
၅. လက်ထပ်/ကွာရှင်း/သေဆုံး လက်ရှိလက်ထပ်/ကွာရှင်း/သေဆုံးလက်မှတ် မြန်မာမူရင်း၊ နိုထရီဘာသာပြန်နှင့် ၎င်းတို့၏လက်မှတ် မိတ္တူ ၁ စုံစီ၊ အကယ်၍အရင်ကလက်ထပ်ခဲ့ဖူးလျှင် ၎င်းလက်ထပ်စာချုပ်နှင့် မိတ္တူ ၁ စုံစီ။
၆. ပြစ်မှုကင်းကြောင်းရဲထောက်ခံစာ ဗီဇာလျှောက်ထားသူသည် မိမိ၏အသက် ၁၆ နှစ်မှစ၍ နေထိုင်ရာမြို့တစ်မြို့တွင် ၆ လနှင့် အထက်နေထိုင်ခဲ့ပါက အဆိုပါမြို့၏ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာတင်ပြရ မည်။ မြန်မာမူရင်းနှင့်နိုထရီဘာသာပြန်တင်ပြရန်လိုအပ်ပါသည်။ ပြစ်မှုကင်းကြောင်းရဲထောက်ခံစာမှာ ၁ နှစ်သာခံပါသဖြင့် သက်တမ်းကျော်လွန်သွားပါက ထပ်မံတင်ပြရန်လိုအပ်ပါသည်။ ဗီဇာလျှောက်ထားသူသည်နိုင်ငံခြားတွင် ၁ နှစ်နှင့်အထက် နေခဲ့ဖူးပါက အဆိုပါနိုင်ငံ၏သက်ဆိုင်ရာမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာတင်ပြရမည်။

၇. အထောက်အပံ့သက်သေ အထောက်အပံ့ကျမ်းကျိန်လွှာ (I-864), W2 နှင့် လွန်ခဲ့သည့် ၁ နှစ်မှ 1040 ဘဏ်တွင်စုထားငွေနှင့် လက်ရှိအလုပ်လုပ်နေကြောင်းစာ၊ အမျိုးသားဗီဇာဌာနသို့ I-864 မတင်ပြရသေး လျှင်၎င်းကို သံရုံးသို့တင်ပြပေးရန်နှင့် ပြည်တွင်းအခွန်သွင်းထားပြီးကြောင်းပုံစံ 1040 နှင့် W2 အထောက်အထားများ။
၈ . တရားရုံးမှတ်တမ်းများ အကယ်၍ရှိခဲ့ဖူးလျှင် မြန်မာမူရင်း၊ နိုင်ငံခြားဘာသာပြန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီ။
၉. မွေးစားစာချုပ် အကယ်၍ရှိခဲ့ဖူးလျှင် မြန်မာမူရင်း၊ နိုင်ငံခြားဘာသာပြန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီ။
၁၀. စစ်မှုထမ်းမှတ်တမ်း အကယ်၍ရှိခဲ့ဖူးလျှင် မြန်မာမူရင်း၊ နိုင်ငံခြားဘာသာပြန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီ။
၁၁. ဆေးစစ်မှတ်တမ်း အခြေစိုက်ဗီဇာ အင်တာဗျူးဝင်မည့် သူ တိုင်းမည်သည့်အသက်အရွယ်မဆိုကျန်းမာရေး စစ်ဆေးရန် အောက်ဖော်ပြပါဆေးခန်းကိုဆက်သွယ်၍ ဆေးစစ်ရန်ရက်ချိန်းယူပါ။

**Samitivej International Co. Ltd.**

အမှတ် 9E/2 ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်
ဖုန်းနံပါတ် - (+၉၅၁) ၆၅၆၇၃၂ / (+၉၅၁) ၆၆၀၅၄၅
လက်ကိုင်ဖုန်း - (+၉၅၉) ၂၅၃၆၈၆၃၂၀ / (+၉၅၉) ၃၀၅၀၈၂၆၃

ဆေးစစ်ချက်အဖြေကို ဆေးခန်းက စာအိတ်၌အလုံပိတ်ထည့်၍ ဗီဇာလျှောက်ထားသူကို ပေးအပ်မည်ဖြစ်သည်။ ထိုစာအိတ်ကို မဖွင့်ဖောက်ရပါ။ အင်တာဗျူးဖြေဆိုသည့်နေ့တွင် ဗီဇာလျှောက်ထားသူက ဆေးစစ်ချက်အဖြေပါရှိသော ထိုအလုံပိတ်စာအိတ် ကိုသံရုံးသို့ ယူဆောင်လာရမည်။ ဆေးခန်းမှပေးသော ထိုဆေးစစ်ချက်အဖြေစာအိတ်မပါပါက သံရုံးအတွင်းသို့ဝင်ရောက်ခွင့် ရရှိမည်မဟုတ်ပါ။

မြန်မာနိုင်ငံအတွင်း၌တရားဝင်ထုတ်ပေးထားသောစာရွက်စာတန်းများရယူနိုင်ရန်
**http://travel.state.gov/content/visas/english/fees/reciprocity-by-country.html**
တွင်ကြည့်နိုင်ပါသည်။ အကယ်၍ အခြေစိုက်ဗီဇာလျှောက်လွှာနှင့်ပတ်သက်ပြီးမေးခွန်းများရှိခဲ့လျှင် ကောင်စစ်ဝန်ဌာန၏ အီးမေး **IVRangoon@state.gov** သို့ဆက်သွယ်ပါ။ ကျေးဇူးပြု၍ အီးမေး ပို့၍ စုံစမ်းမေးမြန်းရာတွင် သင်၏ အမည်အပြည့်အစုံ၊ လျှောက်ထားသည့်ဗီဇာအမျိုးအစား၊ အကယ်၍ရှိခဲ့လျှင် case number ဗီဇာ လျှောက်လွှာ နံပါတ် တို့ကိုပါထည့်ပေးပါ။